
စိတ်ကူးချိုချိုအနုပညာ

# LEE KUAN YEW




စင်ကာပူကိုတည်ထောင်ခဲ့သော
ခေါင်းဆောင်ကြီး

# လီကွမ်ယု

ဇင်မျိုး

မြန်မာပြန်

mgyoe.com




ZM0013
900.00 KS

mgyoe.com

စင်ကာပူကိုတည်ထောင်ခဲ့သောလီကွမ်ယု၊ ဇင်မျိုး
အပြင်အဆင်- ပြည့်ဖြိုးသန်း၊ စာမျက်နှာ ၅၄+ မျက်နှာ၊ ၁၂·၇ စင်တီ× ၁၇·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

စင်ကာပူကိုတည်ထောင်ခဲ့သော

# လီကွမ်ယု

ဇင်မျိုး



ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## အခန်း ၁

– လိကွမ်ယု၏ မိဘမျိုးရိုး ၂
– ဗြိတိသျှ ကိုလိုနီ ၄
– ပြည်သူ့ အရေးတော်ပုံ ပါတီ ၆
– ရွေးကောက်ပွဲအောင်ပွဲ ၈
– စင်ကာပူ လွတ်လပ်ရေး ၈
– မလေးရှားနှင့် လမ်းခွဲခြင်း ၁၀

## အခန်း ၂

– စင်ကာပူစီးပွားရေး ၁၄
– နိုင်ငံတကာ ငွေဈေးကွက် ၁၆
– လာဘ်စားမှုကို တိုက်ဖျက် ၁၇
– အမျိုးသားလုံခြုံရေး ၁၉
– လူ့ဦးရေမူဝါဒများ ၂၁

mgyoe.com

mgyoe.com

## အခန်း ၃


- မဟာဗျူဟာကျသော စင်ကာပူ ၂၆
- နိုင်ငံခြားဆက်ဆံရေး ၂၈
- စင်ကာပူနှင့် ရေ ပြဿနာ ၂၈
- အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေး ၃၀
- စင်ကာပူလူငယ်များသို့ ၃၂


## အခန်း ၄


- အငြိမ်းစားယူခြင်း ၃၈
- ဂိုချုပ်တောင်ကို လွှဲပေးခြင်း ၃၉
- ဆေးရုံတက်ရခြင်း ၄၁
- လီကွမ်ယု၏ ဘာသာရေးအမြင် ၄၃
- နိုင်ငံရေးအမွေ ၄၄
- ဖွံ့ဖြိုးပြီးနိုင်ငံစင်ကာပူ ၄၆


❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


## အခန်း ၁
## လီကွမ်ယု၏ မိဘမျိုးရိုး

လီ၏အင်္ဂလိပ်စကားပြောတတ်သော မိဘများက လီကို ကွမ်ယု ဟု နာမည်ပေးခဲ့သည်။ ကွမ်ယုသည် အလင်းရောင်နှင့် တောက်ပမှုကို ကိုယ်စားပြုသည်။ အဓိပ္ပာယ်ကွဲတစ်ခုမှာ မိဘဘိုးဘွားတို့၏ကြီးကျယ် သော ဂုဏ်သရေကို ဖြစ်ထွန်းစေသူဟူ၍ ဖြစ်သည်။ ဖခင်ဘက်က အဘိုးသည် သူ့ကို ဟယ်ရီဟူသော အင်္ဂလိပ်နာမည်ကို ပေးခဲ့သည်။

လီကွမ်ယုကို ၁၉၂၃ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်နေ့တွင် စင်ကာ ပူနိုင်ငံ၌ မွေးဖွားခဲ့သည်။ နာမည်အရင်းမှာ ဟယ်ရီလီကွမ်ယုဖြစ်သည်။ လီသည် ဟက်ခါနှင့် တရုတ်ဟော့ကီရန်မျိုးရိုးမှ ဆင်းသက်လာသည့် စံတုတ္ထမျိုးဆက် စင်ကာပူနိုင်ငံသားဖြစ်သည်။ သူ၏ ဟက်ခါမျိုးနွယ် အဘေး လီဘွတ်ဘွန်းသည် ၁၈၃၆ ခုနှစ်တွင် မွေးသူဖြစ်ပြီး တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်ဒါဘူခရိုင်ကနေ စင်ကာပူကို ၁၈၆၃ တွင် ပြောင်းလာ သူဖြစ်သည်။ လီဘွတ်ဘွန်းသည် ဆေးဆိုင်ပိုင်ရှင်၏သမီး ဆိုဟွမ်ညို့ ကို လက်ထပ်ခဲ့ပြီး ၁၈၈၂ တွင် ဇနီးနှင့် သားသမီး ၃ ဦးကို ထားရစ် ကာ တရုတ်ကို ပြန်လာခဲ့သည်။ စင်ကာပူကို ပြန်ရောက်လာပြီးနောက် ၂ နှစ်ခန့်အကြာတွင် လီဘွတ်ဘွန်းသည် ကွယ်လွန်သည်။

mgyoe.com

mgyoe.com

**လီကွမ်ယု (နောက်တန်း လယ်) အား မိဘများနဲ့အတူ တွေ့ရစဉ်**

လီကွမ်ယု၏အဘိုးဖြစ်သူ လီဟွန်လျန်းကို ၁၈၇၁ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ မွေးဖွားသည်။ သူသည် ရာဖေးလ်အင်္ဂလိပ်ကျောင်းတွင် ငါးတန်းအထိ ပညာသင်ခဲ့သည်။ အင်္ဂလိပ်ခေတ်က ငါးတန်းသည် ယနေ့ခေတ် စင်ကာပူပညာရေးဖြင့်ပြောလျှင် ဒုတိယဆင့်ပညာရေးထက် နိမ့်ကျသည်ဟု ဆိုရမည် ဖြစ်သည်။ ထို့နောက် လီဟွန်လျန်းသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွင် ပစ္စည်းထုတ်ပေးရသူ၊ အရည်အချင်း ပြည့်မီခြင်းမရှိသော ဆေးဝါးပညာရှင်၊ ရေနွေးငွေ့သင်္ဘောတွင် သင်္ဘော အရာရှိစသော အလုပ်များကို လုပ်ကိုင်ခဲ့သည်။

လီဟွန်လျန်းသည် မယားနှစ်ယောက် ရှိခဲ့သည်။ ထိုခေတ်က မယားနှစ်ယောက် ယူခြင်းမှာ ထုံးစံလိုဖြစ်နေသည်။ သမီး ၅ ဦး၊ သား ၃ ဦး မွေးခဲ့သည်။ လီဟွန်လျန်း၏သား လီချင်ကွန်း (၁၉၀၃ – ၁၉၉၇) သည်လည်း အင်္ဂလိပ်ကျောင်းတွင် ပညာသင်ခဲ့သည်။ သူသည် တရုတ် ပါရာ နကန်အနွယ် ချူဂျင်နီရို (၁၉၀၇ – ၁၉၈၀) နှင့် အိမ်ထောင်ကျ

mgyoe.com

mgyoe.com


ခဲ့သည်။ သူတို့သည် ၁၉၂၃ တွင် သူတို့၏ ပထမဦးဆုံးကလေးဖြစ်သော လီကွမ်ယုကို မွေးခဲ့ကြသည်။ အမှတ် ၉၂ ကမ်ပေါင်ဂျာဗားလမ်းတွင် လီကွမ်ယုကို မွေးဖွားခဲ့ခြင်း ဖြစ်သည်။ လီကွမ်ယုတွင် ညီ ၃ ဦး ရှိသည်။ ဒင်းနစ်လီကင်ယူး (ရှေ့နေ)၊ ဖရက်ဒီလီသျန်ယူးနှင့် လီရွှမ်ယူး (ဒေါက်တာ) တို့ ဖြစ်သည်။

လီ၏မိဘများမှာ ချမ်းသာကြွယ်ဝသူများ ဖြစ်သည်။ ၁၉ ရာစုက တည်းက စင်ကာပူကို ရောက်လာကြသည့် တရုတ်များဖြစ်သည့်တိုင် ချမ်းသာခြင်း၊ ခေတ်အမြင်ရှိခြင်းတို့ကြောင့် လီကွမ်ယု အပါအဝင် အခြား ညီအစ်ကိုများမှာ ပညာကောင်းကောင်းသင်ခဲ့ကြရသည်။ ဒုတိယကမ္ဘာ စစ်အပြီးတွင် လီသည် ယူကေရှိ ကိန်းဘရစ်ချ်တွင် ပညာသင်သည်။ ကိန်းဘရစ်ချ်ရှိ ဖစ်ဝီလျံကောလိပ်တွင် လီကွမ်ယုပညာ ဆည်းပူးချိန် တွင် သူ၏အသက်မှာ ၂၇ နှစ်ရှိနေပြီဖြစ်သည်။ ၁၉၅၀ တွင် သူသည် အင်္ဂလိပ်ရှေ့နေတန်းကို တက်ခွင့်ရခဲ့သော်လည်း သူသည် ရှေ့နေတန်း တက် ဥပဒေပညာကိုသာ သင်ယူလိုခဲ့၏။ ထို့ကြောင့် ဥပဒေပညာကို သင်ရန် ယူကေကနေ စင်ကာပူကို ပြန်လာခဲ့သည်။

## ဗြိတိသျှ ကိုလိုနီ

ယူကေကနေ စင်ကာပူကို ပြန်လာချိန်တွင် လီကွမ်ယု၏ နိုင်ငံ ငယ်လေးမှာ ဗြိတိသျှကိုလိုနီ ဖြစ်နေသည်။ အရှေ့ဖျားခေါ် အာရှဒေသ တွင် ဗြိတိသျှတို့က စင်ကာပူကို ၎င်းတို့၏ အဓိကရေတပ်အခြေစိုက် စခန်းအဖြစ် သတ်မှတ်ထားသည်။ ဗြိတိသျှရေတပ်အခြေစိုက်သတ်မှတ် ထားသည်။ ဗြိတိသျှရေတပ် အခြေစိုက်စခန်းသည် စင်ကာပူတွင် ရှိနေ ခဲ့၏။ နိုင်ငံကို အုပ်ချုပ်သူများမှာ အုပ်ချုပ်ရေးမှူးတစ်ဦးနှင့် ဥပဒေပြု ကောင်စီတို့ ဖြစ်သည်။ ဥပဒေပြုကောင်စီတွင် ချမ်းသာသော တရုတ်

mgyoe.com

mgyoe.com




ဒ်းပွားရေးသမားများ အများစုပါဝင်နေကြပြီး ၎င်းတို့ကို လူထုက တိုက်ရိုက် ရွေးချယ်ခြင်း မပြုနိုင်ပေ။ ဥပဒေပြုကောင်စီဝင်များကို တိုက်ရိုက်ခန့်ထားခြင်း ဖြစ်သည်။

ဤသို့သော နိုင်ငံရေးအခင်းအကျင်းသည် စင်ကာပူလူထုအတွက် တရားမျှတမှု မရှိဟု လူထုက သိသည်။ ထို့ကြောင့် ၁၉၅၀ ပြည့်နှစ် အစောပိုင်းကာလများတွင် စင်ကာပူသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လွတ်လပ်ရေးဆိုသော တောင်းဆိုသံများဖြင့် ပြည့်နှက်နေခဲ့သည်။ စင်ကာပူနိုင်ငံ၏အစိုးရဖွဲ့စည်းပုံကို မကျေနပ်ကြသူများ စုဝေးရာတွင် လီကွမ်ယုသည် စိတ်တူကိုယ်တူ ပုဂ္ဂိုလ်များနှင့် အုပ်စုဖွဲ့ရန် ဆုံးဖြတ်ခဲ့သည်။ မကြာခင် လီသည် အုပ်စုမှ ခွဲထွက်၍ ပိုမိုအခြေခံကျသော ခံယူချက်တို့ဖြင့် ပြည်သူ့အရေးတော်ပုံပါတီကို တည်ထောင်လိုက်

mgyoe.com

mgyoe.com


သည်။ ၁၉၅၄ ခုနှစ်တွင် တည်ထောင်ခဲ့သော ပြည်သူ့အရေးတော်ပုံပါတီတွင် လီသည် အထွေထွေအတွင်းရေးမှူးဖြစ်လာခဲ့သည်။

## ပြည်သူ့ အရေးတော်ပုံ ပါတီ

ပြည်သူ့အရေးတော်ပုံပါတီ (People's Action Party) သည် ၁၉၅၅ တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးအတွက် စတင်လှုပ်ရှားခဲ့သည်။ ထို့ကြောင့် ထိုနှစ်ထဲတွင်ပင် စင်ကာပူဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွက်လာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဥပဒေပြုကောင်စီတွင် စုစုပေါင်း အမတ် ၃၂ နေရာအနက် အမတ် ၂၅ နေရာကို ရွေးကောက်ရမည်ဖြစ်၍ တိုက်ရိုက်ခန့်ထားသည့် အမတ်နေရာကို ခုနစ် နေရာသာ ခွင့်ပြုတော့သည့် အနေအထားဖြစ်လာခဲ့သည်။ ထို့နောက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် လီ၏ လုပ်ဖော်ကိုင်ဖက်ဟောင်းများက ထူထောင်ခဲ့သည့် အလုပ်သမားတပ်ဦးပါတီ (Labour Front)က အမတ် ၁၃ နေရာ အရွေးခံရပြီး၊ လီ၏ ပြည်သူ့အရေးတော်ပုံ ပါတီက ၃ နေရာသာ အရွေးခံရသည်။

ဥပဒေပြုကောင်စီတွင် သူ၏ပါတီကိုယ်စားပြုခွင့်ရခဲ့ခြင်းနှင့်အတူ ၁၉၅၆ တွင် လီကွမ်ယုသည် စင်ကာပူကိုယ်ပိုင်အုပ်ချုပ်ရေးကို လန်ဒန်အထိ သွားရောက်တောင်းဆိုသော ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သည်။ လီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှု မရခဲ့ပေ။ ဤသည်၏ အကျိုးဆက်သည်ကား စင်ကာပူနိုင်ငံတွင် ပြည်တွင်းရေးမငြိမ်သက်မှုများ ပေါ်ပေါက်လာခြင်းပင် ဖြစ်တော့သည်။ မငြိမ်သက်မှုများသည် တစ်နှစ်ခန့်ကြာမြင့်ခဲ့သည်။ ထို့ကြောင့် ၁၉၅၇ ခုနှစ်တွင် လီသည် ဆွေးနွေးမှုများ ပြန်လုပ်ရန် လန်ဒန်ကို ထပ်သွားခဲ့ပြန်သည်။

mgyoe.com

mgyoe.com




လီကွမ်ယုနှင့် အောင်ပွဲရ ပြည်သူ့အရေးတော်ပုံပါတီဝင်များ

၁၉၅၈ တွင် စင်ကာပူကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော နိုင်ငံအဖြစ် အဆင့်သတ်မှတ်ပေးရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲပေးရန် စသော အချက်များအား လီကွမ်ယုသည် အောင်မြင်စွာ ဇွဲစပ်ဆွေးနွေး နိုင်ခဲ့သည်။ ထို့ကြောင့် စင်ကာပူတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ ထိုဥပဒေသစ်အတိုင်း ၁၉၅၉ တွင် တစ်နိုင်ငံ လုံးအတိုင်းအတာအားဖြင့် ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ထိုနှစ် ဇွန်လတွင် ကျင်းပသော ရွေးကောက်ပွဲများတွင် လီသည် ပြည်သူ့အရေး တော်ပုံ ပါတီ၏မူဝါဒများကို အသားပေးဟောပြောစည်းရုံးများ ပြုလုပ် ခဲ့ရာ လူထုက သူ၏ မူဝါဒများကို ကြိုက်နှစ်သက်ကြောင်း တွေ့လာ ရသည်။

mgyoe.com

mgyoe.com


## ရွေးကောက်ပွဲ အောင်ပွဲ

လီသည် စင်ကာပူပြည်သူများကို အဓိကထားစည်းရုံးရာတွင် ကိုလိုနီနယ်ချဲ့စနစ်ကို အလိုမရှိ၊ ကွန်မြူနစ်စနစ်ကို ဆန့်ကျင်သည် စသောအချက်များ ဖြစ်လေသည်။ လူမှုရေးအပြောင်းအလဲများကို အောက်ခြေသိမ်း ပြုလုပ်ရန်၊ အိမ်နီးချင်းနိုင်ငံများနှင့် အဖွဲ့ချုပ်များဖွဲ့စည်း ရန်လည်း လီကွမ်ယုက တောင်းဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတိုင်း ကျင်းပသော ရွေးကောက်ပွဲ များတွင် လီ၏ပါတီသည် လွှတ်တော်အမတ် ၅၁ နေရာအနက် ၄၃ နေရာတွင် အနိုင်ရခဲ့သည်။ စင်ကာပူနိုင်ငံသည်လည်း ကာကွယ်ရေး နှင့် နိုင်ငံခြားရေးရာတို့ကလွဲ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရရှိလာခဲ့သည်။ ၁၉၅၉ ခုနှစ် ဇွန် ၅ တွင် လီကွမ်ယုသည် ဝန်ကြီးချုပ်အဖြစ် ကျမ်းကျိန် ဆိုခဲ့ရာ သူသည် လွတ်လပ်သော စင်ကာပူနိုင်ငံ၏ ပထမဦးဆုံး ဝန်ကြီး ချုပ် ဖြစ်လာသည်။

## စင်ကာပူ လွတ်လပ်ရေး

ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီးနောက် လီကွမ်ယုသည် ၅ နှစ် စီမံကိန်း ကို စတင် အကောင်အထည်ဖော်သည်။ စင်ကာပူကို မြို့ပြအဖြစ် ပြန် လည်ဖော်ထုတ်ရေး၊ ပြည်သူ့အိမ်ရာများ ဆောက်လုပ်ရေး၊ အမျိုးသမီး များအတွက် အခွင့်အရေး ပိုမိုရရှိရေး၊ ပညာရေးကို ပြုပြင်ပြောင်းလဲရေး၊ စက်မှုစနစ်ကို ပြောင်းလဲရေးစသော စီမံကိန်းများကို ၅ နှစ်အတွင်း အကောင်အထည်ဖော်ရန် တောင်းဆိုသည်။ ထိုအထဲတွင် စင်ကာပူကို မလေးရှားနှင့် ပူးပေါင်းရေး အစီအစဉ်လည်း ပါဝင်သည်။ မလေးရှား ဝန်ကြီးချုပ် တန်ကူအက်ဘဒယ်ရာမန်က မလေးရှား၊ စင်ကာပူ၊ ဆာဘက်နှင့် ဆာရာဝပ်တို့ ပါဝင်သော အဖွဲ့ချုပ်ကို ဖွဲ့စည်းရန် အဆိုပြု

mgyoe.com

mgyoe.com





မလေးရှား ဝန်ကြီးချုပ် တန်ကူအက်ဘဒယ်ရာမန် (ယာ) နှင့် လီကွမ်ယုတို့ ၁၉၆၂၊ ကွာလာလမ်ပူ၌ တွေ့ဆုံစဉ်

ခဲ့ပြီးနောက် လီကွမ်ယုသည် အဖွဲ့ချုပ်ကို ဖွဲ့စည်းရန် စည်းရုံးရေး စတင်ခဲ့ပြီး၊ ကိုလိုနီအုပ်စိုးမှု ပျောက်သွားရန် ကြိုးစားလေသည်။

စင်ကာပူလူထု၏ ထောက်ခံမှုကို ပြသရန် လီသည် ၁၉၆၂၊ စက်တင်ဘာတွင် ကျင်းပခဲ့သော လူထုဆန္ဒခံယူပွဲက ထွက်ပေါ်လာသော ရလဒ်များကို အသုံးချခဲ့သည်။ ၎င်းလူထုဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင် ၇၀ ရာခိုင်နှုန်းသည် လီ၏ အဆိုပြုချက်ကို ထောက်ခံခဲ့ကြသည်။ ထို့ကြောင့် ၁၉၆၃ တွင် စင်ကာပူသည် အသစ်ဖွဲ့စည်းထားသော မလေးရှား အဖွဲ့ချုပ်ကို ဝင်ရောက်ခဲ့သည်။ မလေးရှားအဖွဲ့ချုပ်ကို ဝင်လိုက်ပြီးနောက် မကြာခင်ကျင်းပသော ရွေးကောက်ပွဲများတွင် လီ၏ပြည်သူ့အရေးတော်ပုံ ပါတီသည် လွှတ်တော်ကို ထိန်းချုပ်နိုင်သည့် အမတ်အရေအတွက်ကို အနိုင်ရအောင် ပြိုင်နိုင်ခဲ့သည်။ ထို့ကြောင့် လီကွမ်ယုသည် ဝန်ကြီး

mgyoe.com

mgyoe.com


ချုပ်ရာထူးတွင် ဆက်လက်မြဲနေခဲ့သည်။

## မလေးရှားနှင့် လမ်းခွဲခြင်း

မလေးရှားအဖွဲ့ချုပ်ထဲတွင် တရုတ်လူမျိုးတို့နှင့် မလေးလူမျိုးတို့၏ တင်းမာမှုများကြီးထွားလာခြင်းကြောင့် အကျိုးဆက်အဖြစ် စင်ကာပူတွင် အဓိကရုဏ်းများ ဖြစ်လာခဲ့သည်။ တမန်တော် မိုဟာမက်မွေးနေ့ အဓိက ရုဏ်းများ၊ တရုတ်–မလေး အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။ အဆိုပါ လူမှုရေးအုံကြွမှုများသည် ၁၉၆၄ ခုနှစ်၏ နွေရာသီတွင် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

တစ်နှစ်ကြာသည်အထိ လူမျိုးရေးတင်းမာမှုများ ဆက်လက် ဖြစ် ပွားနေခဲ့၍ စင်ကာပူသည် မလေးရှားအဖွဲ့ချုပ်ကနေ ထွက်ရမည်ဟု မလေးရှားခေါင်းဆောင်များက လီကွမ်ယုကို ပြောခဲ့ကြသည်။ လီသည် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန်ကြိုးစားခဲ့သော်လည်း အရာမထင်ခဲ့ပေ။ ထို့ကြောင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် လီသည် ခွဲထွက်ရေး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရသည်။ စင်ကာပူနိုင်ငံ ရှင်သန်ရေးအတွက် စည်းလုံးညီညွတ်မှုရှိရေးသည် အလွန်အရေးကြီး သည်ဟု နားလည်ထားသော လီအတွက် မလေးရှားနှင့် ပူးပေါင်းမှု ပျက်ယွင်းသွားခြင်းမှာ ကြီးမားသော ထိုးနှက်ချက် ဖြစ်လေသည်။ ရုပ်သံ က ထုတ်လွှင့်သော သတင်းစာရှင်းလင်းပွဲတွင် လီသည် စင်ကာပူ အပြည့်အဝ လွတ်လပ်သည့် အကြောင်း၊ မလေးနှင့် လမ်းခွဲသည့် အကြောင်းတို့အား ထုတ်ဖော်ကြေညာချိန် သူသည် စိတ်လှုပ်ရှားလွန်း၍ အသံများပင် တိတ်ဝင်သွားခဲ့သည်။

"ကျွန်တော့်အတွက်တော့ မချိတင်ကဲဖြစ်ရတဲ့ အခိုက်အတန့်ပါပဲ။ ကျွန်တော့်ရဲ့ တစ်ဘဝလုံးမှာ ကျွန်တော်ဟာ မလေးရှားနဲ့ ပူးပေါင်းမှု

mgyoe.com



၁၉၆၅ ခုနှစ် ဩဂုတ် ၇ ရက်
မလေးရှားနှင့် ခွဲထွက်ရေး
သဘောတူစာချုပ် လက်မှတ်
ရေးထိုးလိုက်ရပြီးနောက်
မျက်ရည်စက်လက်ဖြစ်နေရှာတဲ့
လီကွမ်ယု

နှစ်နိုင်ငံစည်းလုံးညီညွတ်မှုတို့ကို ယုံကြည်ထားခဲ့တာ ဖြစ်ပါတယ်။ ပြည်သူတွေဆိုတာကလည်း ပထဝီဝင်အနေအထား၊ စီးပွားရေး၊ ဆွေမျိုးတော်စပ်မှုတွေနဲ့ ဆက်နွယ်နေကြတာ ဖြစ်ပါတယ်။ အခုတော့ ကျွန်တော်တို့ ကြံ့ကြံ့ခံတဲ့ အရာအားလုံး ပျက်သွားပြီလို့ ဆိုရတော့မှာပါ။ အခုချိန်ကစလို့ စင်ကာပူဟာ အချုပ်အခြာအာဏာပိုင် ဒီမိုကရေစီနိုင်ငံ၊ လွတ်လပ် တဲ့နိုင်ငံအဖြစ် ထာဝရရပ်တည်သွားရတော့မှာ ဖြစ်ပါတယ်။ လွတ်လပ် မျှတမှုတွေအပေါ် အခြေခံပြီး ပြည်သူလူထု သာယာဝပြောရေးနဲ့ သာ တူညီမျှရှိတဲ့ လူ့အဖွဲ့အစည်းကို ရှာဖွေတဲ့နိုင်ငံအဖြစ် ရပ်တည်သွားတော့မှာ ဖြစ်ပါတယ်" ဟု လီကွမ်ယုက ပြောကြားခဲ့သည်။

မလေးရှားနှင့် ပူးပေါင်းမှု ပြိုကွဲသွားခြင်းနှင့်အတူ လီ၏ပုဂ္ဂိုလ်ရေး ပူဆွေးဝမ်းနည်းမှုထက် ပိုလွန်သော ပြဿနာများနှင့်လည်း

mgyoe.com
mgyoe.com

mgyoe.com

စင်ကာပူနိုင်ငံသည် ရင်ဆိုင်ခဲ့ရလေသည်။ ထိုပြဿနာများမှာ သဘာဝ သယံဇာတ မရှိခြင်းနှင့် ကာကွယ်ရေးစွမ်းရည်အားနည်းနေခြင်းတို့ပင် ဖြစ်သည်။


လွတ်လပ်သော နိုင်ငံအဖြစ် ရှင်သန်ရန် စင်ကာပူနိုင်ငံသည် ခိုင်မာ အားကောင်းသော စီးပွားရေးရှိရန်လိုအပ်နေသည်။ ထို့ကြောင့် လီကွမ် ယုသည် စင်ကာပူကို ကုန်ချောတင်ပို့သော နိုင်ငံအဖြစ် လျင်မြန်စွာ အသွင်ပြောင်းလဲခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးခဲ့ပြီး၊ အလုပ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားအောင် ဆောင်ရွက် ခဲ့သည်။

၁၉၆၆ ခုနှစ်မှစ၍ အတိုက်အခံပါတီက ပါလီမန်ကို သပိတ် မှောက်ခဲ့ရာ လီ၏ပြည်သူ့အရေးတော်ပုံ ပါတီမှာ ၁၉၆၈၊ ၁၉၇၂၊ ၁၉၇၆ နှင့် ၁၉၈၀ ရွေးကောက်ပွဲများတွင် လွှတ်တော်အမတ်နေရာအားလုံးကို အနိုင်ရရှိခဲ့သည်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အခန်း ၂
# စင်ကာပူစီးပွားရေး

လွတ်လပ်ရေးရရှိသွားပြီဖြစ်သော စင်ကာပူနိုင်ငံအတွက် လီကွမ်ယု အလောတကြီး ဖြေရှင်းရမည့် ပြဿနာတစ်ရပ်မှာ စင်ကာပူပြည်သူများအတွက် တည်ငြိမ်သော အလုပ်အကိုင်များကို ဖန်တီးပေးရေးပင်ဖြစ်သည်။ လွတ်လပ်စ စင်ကာပူနိုင်ငံတွင် အလုပ်လက်မဲ့နှုန်းသည် မြင့်တက်နေခဲ့သည်။ ခရီးသွားလုပ်ငန်းက အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့သည်ဆိုသော်လည်း အလုံးစုံပြေလည်အောင် လုပ်ပေးနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် လီကွမ်ယုသည် အလုပ်အကိုင်များကို ဖန်တီးပေးရန် စီစဉ်ရတော့သည်။

စီးပွားရေးဖွံ့ဖြိုးမှု ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဟွန်ဆူဆန်၏ အကူအညီကို ရယူလျက် ဒတ်ချ်ဘောဂဗေဒပညာရှင် အယ်ဘတ်ဝင်းစီးမက်နှင့် တိုင်ပင်ကာ လီကွမ်ယုသည် စက်ရုံများကို တည်ဆောက်သည်။ အစပိုင်းတွင် ကုန်ထုတ်လုပ်မှုကဏ္ဍကို ဦးစားပေးခဲ့သည်။ ၁၉၇၁ တွင် ဗြိတိသျှတို့ စင်ကာပူနိုင်ငံကနေ အပြည့်အဝဆုတ်ခွာသွားခြင်း မပြုခင် လီသည် စင်ကာပူဆိပ်ကမ်းကို ဗြိတိသျှတို့ ဖျက်ဆီးသွားခြင်း မပြုအောင် ပြောဆိုနိုင်ခဲ့ရာ နောက်ပိုင်းတွင် ဗြိတိသျှရေတပ်သင်္ဘောကျင်းမှာ အရပ်ဘက်သုံး သင်္ဘောကျင်းဖြစ်လာခဲ့လေသည်။

mgyoe.com

mgyoe.com




စင်ကာပူနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒတ်ချ်ဘောဂဗေဒပညာရှင် အယ်ဘတ်ဝင်းစီးမက်နှင့် လီကွမ်ယုတို့ သဘော်စီးရင်း ဆွေးနွေးတိုင်ပင်စဉ်

စင်ကာပူစီးပွားရေးကောင်းလာစေရန် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ရင်း မှားလိုက်၊ ပြင်လိုက်ဖြင့် စခန်းသွားနေခဲ့သော လီကွမ်ယုသည် စီးပွားရေးကို အမှန်တကယ် အားကောင်းစေမည့် လုပ်ရပ်တစ်ခုကို လုပ်မိခဲ့သည်။ လီနှင့် လီ၏ အစိုးရအဖြစ်သည် နိုင်ငံစုံကော်ပိုရေးရှင်းများကို စင်ကာပူသို့ လာရောက်ရင်းနှီးမြုပ်နှံရန် ဆွဲဆောင်နိုင်ခဲ့လေသည်။ စင်ကာပူနိုင်ငံတွင် ကမ္ဘာ့အဆင့် အခြေခံလမ်းတံတားအဆောက်အအုံတို့ကို တည်ဆောက်ခြင်းအားဖြင့် နိုင်ငံသစ်လေး စင်ကာပူသည် အမေရိကန်၊ ဂျပန်၊ ဥရောပကုမ္ပဏီများကို ဆွဲဆောင်နိုင်ခဲ့တော့သည်။

၁၉၇၀ ပြည့်နှစ်ကာလများတွင် အမေရိကန်ကုမ္ပဏီကြီးများဖြစ်သော တက္ကဆက်နည်းပညာကုမ္ပဏီ HP နှင့် EG တို့ စင်ကာပူကို လာရောက်လုပ်ကိုင်ကာ စီးပွားရေးအခြေချခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ်ကာလများတွင် စင်ကာပူသည် လျှပ်စစ်ပစ္စည်းများကို အဓိကတင်ပို့သော

mgyoe.com

mgyoe.com


နိုင်ငံဖြစ်လာခဲ့သည်။ လုပ်သားများသည်လည်း နိုင်ငံတကာ ကော်ပိုရေး ရှင်းကြီးများက ချမှတ်ကျင့်သုံးသော လုပ်နည်းကိုင်နည်းများနှင့်လည်း ကောင်း၊ လုပ်ငန်းခွင်ဓလေ့များနှင့် လည်းကောင်း အကျွမ်းတဝင် ဖြစ် အောင် လုပ်ခဲ့ကြရသည်။ စင်ကာပူအစိုးရသည် စက်မှုလုပ်ငန်းသစ် များကို ထူထောင်ပေးခဲ့ရာ စတီးစက်ရုံများပေါ်လာခဲ့ပြီး စင်ကာပူ လေကြောင်းလိုင်းနှင့် နက်ပကျွန်းအိုးရီးယန့်လေကြောင်းလိုင်းတို့ကဲ့သို့ သော ဝန်ဆောင်မှု လုပ်ငန်းများလည်း ပေါ်လာခဲ့သည်။


## နိုင်ငံတကာ ငွေဈေးကွက်

စင်ကာပူနိုင်ငံကို နိုင်ငံတကာငွေကြေးဈေးကွက်ဖြစ်လာအောင် လီကွမ်ယုနှင့် သူ၏ဝန်ကြီးအဖွဲ့က ကြိုးပမ်းခဲ့သည်။ နိုင်ငံခြားဘဏ် များသည် စင်ကာပူနိုင်ငံ၏လူနေမှုအဆင့်အတန်းကို ယုံကြည်မှုရှိသည်။ ထိပ်တန်းအဆင့် အခြေခံအဆောက်အအုံများ ရှိနေသည့်အပြင် ကျွမ်းကျင်လုပ်သားများရှိနေခြင်းတို့ကလည်း စင်ကာပူကို နိုင်ငံတကာ ဘဏ်ကြီးများက ယုံကြည်လာစေသည့် အကြောင်းတစ်ရပ် ဖြစ်လာ သည်။ စင်ကာပူအစိုးရသည် ကောင်းမွန်သည့် မက်ခရိုစီးပွားရေးကို အကောင်အထည်ပြုနိုင်မည်ဟု ရင်းနှီးမြှုပ်နှံသူများက ယုံကြည်ကြသည်။ အစိုးရဘက်ဂျက်မှာ ပိုငွေပြနေပြီး၊ စင်ကာပူဒေါ်လာမှာ တန်ဖိုးတည်ငြိမ် လျက်ရှိသည်။ ဤအနေအထားများက ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင် လျက် ရှိသည်။

ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည့် ကာလတစ်လျှောက်လုံး လီကွမ်ယုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အမြဲတမ်းကြိုးဆနေခဲ့ ၏။ စီးပွားရေးကောင်းမှ နိုင်ငံတိုးတက်မည်ဟု သူက ခံယူထားသည်။ စီးပွားရေးနှင့် ပတ်သက်၍ အသေးစိတ် အချက်လေးများကိုပင် အရေး

mgyoe.com

mgyoe.com

စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုအား ပြည်သူများ ဝန်းရံနေကြစဉ်

ထားတတ်သော လီသည် စီးပွားရေးကို အခြားကဏ္ဍများနှင့် ချိတ်ဆက်ပေးခဲ့သည်။ အထူးသဖြင့် သူသည် စင်ကာပူကို စည်းကမ်းရှိသော နိုင်ငံဖြစ်အောင် ပုံဖော်ပေးနိုင်ခဲ့ပြီး ဥယျာဉ်မြို့တော်ဟူသော နာမည်ကောင်းကို ဖန်တီးပေးခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာတွင် စင်ကာပူသည် စည်းကမ်းကောင်းမွန်၍ စနစ်ကျသော ဥယျာဉ်မြို့တော်အဖြစ် ယနေ့တိုင် နာမည်ကြီးနေခဲ့ခြင်းဖြစ်သည်။

## လာဘ်စားမှုကို တိုက်ဖျက်

စင်ကာပူနိုင်ငံသည် နိုင်ငံရေးအကျင့်ပျက် ခြစားမှုပြဿနာများ ရှိနေသည့် နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် လီကွမ်ယုသည် အကျင့်ပျက်

mgyoe.com